ရခိုင်အမျိုးသမီးများအစည်းအရုံး
**Rakhaing Women Union (H.Q)**
2/21, Pallabi, Mirpur, Dhaka-1216, Bangladesh
Tel & Fax - 880-2-9013435, E-mail: rwu2002@aitlbd.net

Ref :

Date : ..............................

## <u>နအဖကျင်းပမည့် ရွေးကောက်ပွဲအတွင် NLD မပါဝင်ရန် ဆုံးဖြတ်သည့်အပေါ်ထောက်ခံကြိုဆိုခြင်း</u>

၂၀၁၀ခုတွင်ကျင်းပမည့် နအဖရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် မှတ်ပုံမတင်ဟု တခဲနက်ဆုံးဖြတ်ခဲ့ကြသောNLD ခေါင်းဆောင်များ၏ ရပ်တည်ချက်ကို မိမိတို့ရခိုင်အမျိုးသမီးများအစည်းအရုံးမှ ကြိုဆိုထောက်ခံလိုက်ပေသည်။

လွန်ခဲ့သော သတင်းပတ်များအတွင်းက NLD အတွင်း မတူညီသော သဘောထားများထွက်ပေါ်လာခဲ့ပြီးနောက် ပြည်တွင်း၊ ပြည်ပရှိ နိုင်ငံရေးအသိုင်းအဝိုင်းနှင့်ပြည်သူများက များစွာပူပင်နေခဲ့ကြပြီး NLD ၏ဆုံးဖြတ်ချက်ကို မျက်ခြေမပြတ်စောင့်ကြည့်နေခဲ့ကြပေသည်။

အကယ်၍ ဝင်ရောက်ယှဉ်ပြိုင်ပါက အဖွဲ့အစည်းခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မတရားသဖြင့် နှစ်ရှည်ထောင်ဒါဏ်ကျခံနေကြရသော ခေါင်းဆောင်များအပေါ် သစ္စာဖောက်ရာရောက်မည့်အပြင် တိုင်းပြည်ကိုပို၍ နစ်နာဆုံးရှုံးစေမည်ဖြစ်မည်ဖြစ်ပြီး စစ်အစိုးရအားတရားဝင်ဖြစ်စေရေးအတွက် တဖက်တလမ်းမှကူညီရန် ရောက်သွားနိုင်ပေသည်။

ယခု ၂၉၊ ၀၃၊ ၂၀၁၀ အစည်းအဝေးရလဒ်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့ဖက်မှ မှန်ကန် စွာရပ်တည်သည့် ဆုံးဖြတ်ချက်တခုကို NLD ခေါင်းဆောင်များမှ ချနိုင်လိုက်ပြီးဖြစ်ပေသည်။ ဤသည်ပင်လျှင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ညီညွတ်မှုကိုပြသလိုက်ခြင်းလည်းဖြစ်ပေသည်။ ဤဆုံးဖြတ်ချက်အပေါ် မိမိတို့ရခိုင်အမျိုးသမီးများအစည်းအရုံးမှ ဝမ်းမြောက်စွာကြိုဆိုထောက်ခံကြောင်းထပ်ဆင့်ဖေါ်ပြအပ်ပေသည်။

နောင်အနာဂတ်တွင်လည်း NLD အနေနှင့် အများအကျိုးပိုမိုသယ်ပိုးဆောင်ရွက်နိုင်သည့်အပြင် နှစ်ပေါင်းများစွာ ဒုက္ခခံစားနေကြရသော တိုင်းရင်းသားများအားလုံး၏ဘဝကို ထပ်တူစာနာ၍ အားလုံးတန်းတူညီမျှသော အနာဂတ်တခုဖြစ်ပေါ်လာ ရေးအတွက် သတ္တိရှိရှိချီတက်နိုင်ပါစေဟု ဆန္ဒပြုလိုက်လိုသည်။

ဗဟိုကော်မီတီ

ရခိုင်အမျိုးသမီးများအစည်းအရုံး
ရခိုင်ပြည် ( ၈၈၀– ၂– ၉၀၁၃၄၃၅၊ ၈၈၀– ၁၇၃၂၆၄၉၀၀၇)